Message Six

ဘုရားသခင်၏သားဦးဖြစ်သော ခရစ်တော်၏ ဦများ

ဖတ်ရန်ကျမ်း။ ။ ၂ရှမွေ၊၇း၁၂က၊ ၁၄က။
ရော၊၁း၃-၄။ ၈း၂၈-၃၀။ ဟေဗြဲ၊း၁၀-၁၂။ ၁ကော၊၁၅း၃၁၊ ၃၆

I. "... သင့်ကိုယ်မှ ထွက်ပေါ်လာသော သင်၏မျိုးစေ့ကို ငါချီးမြှောက်မည်... ငါသည် သူ၏အဖဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်" - ၂ရှမွေ၊၇း၁၂က၊ ၁၄က။

A. ဤစကားသည် ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်၏ လူသားဇာတိတွင် ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခြင်းခံရသော ဒါဝိဒ်၏မျိုးစေ့အဖြစ် ခရစ်တော်နှင့်ပတ်သက်၍ ရောမ ၁း၃-၄ ရှိ ပေါလု၏စကားနှင့် တူညီပါသည်။

B. ၂ရှမွေ ၇ ၏ ပင်ကိုယ်မူလပုံဆောင်ချက်မှာ သုံးပါးတစ်ပါးဘုရားသခင်သည် ကိုယ်တော်၏ရွေးချယ်ခံလူများအထဲသို့ ကိုယ်တော်၏အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံခဲ့သော သုံးပါးတစ်ပါးဖြစ်ခြင်း၌ သူကိုယ်တော်တိုင် အလုပ်လုပ်ဆောင်ခြင်း ဖြစ်သည်။

C. ၂ရှမွေ ၇း၁၄က ကို ကိုးကားထားသည့် ဟေဗြဲ ၁း၅ခ အရ၊ ဒါဝိဒ်၏မျိုးစေ့သည် ဘုရားဇာတိနှင့် လူသားဇာတိ နှစ်ခုစလုံး ရှိသော ဘုရားသခင်၏သားဦးတည်းဟူသော ခရစ်တော်ဖြစ်သည် - ဟေဗြဲ၊း၅က၊ ၆။

D. ၂ရှမွေ ၇း၁၂က ရှိ *သင်၏မျိုးစေ့* နှင့် အငယ် ၁၄က ရှိ *ငါ၏သား* ဟူသော အသုံးအနှုန်းများက ဒါဝိဒ်၏မျိုးစေ့သည် ဘုရားသခင်၏ သားတော် ဖြစ်လာမည့်အကြောင်း၊ ဆိုလိုသည်မှာ လူသားမျိုးစေ့သည် ဘုရားဆိုင်ရာသားတော် ဖြစ်လာမည့် အကြောင်း ညွှန်ပြသည် - ရော၊း၃-၄။

E. ဤသည်မှာ ဘုရားသခင်၏စီမံကိန်း၌ ကိုယ်တော်၏ ရည်ရွယ်ချက်မှာ လူကို ဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာစေရန် ကိုယ်တော်ကိုယ်တိုင် လူဖြစ်လာခြင်းကို ညွှန်ပြသည်။

F. ဒါဝိဒ်၏မျိုးစေ့သည် ဘုရားသခင်၏သားတော်ဖြစ်လာခြင်းနှင့် ပတ်သက်သော ဤနှုတ်ကပတ်တော်ကို ဓမ္မသစ်ကျမ်းတွင် ခိုင်မာစွာ ဆက်လက်ဖော်ပြပြီး တိုးတက်လာစေသည် - မ၊ ၂၂း၄၁-၄၅။ ဗျာ၊၂၂း၁၆။

II. တမန်တော် ၁၃ ၌ ပေါလုက ဒါဝိဒ်၏မျိုးစေ့မှ "ဘုရားသခင်သည် ကတိတော်အတိုင်း အစ္စရေးလူတို့အား ကယ်တင်ရှင် ယေရှုကို ပေါ်ထွန်းစေတော်မူပြီ"ဟူ၍လည်းကောင်း(အငယ်၊၂၃) ၊ '' 'သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဖွားစေပြီ'ဟု ဆာလံကျမ်း ဒုတိယခန်း၌ လာသည်နှင့်အညီ၊ ဘုရားသခင်သည် ယေရှုကို ထမြောက်စေတော်မူသဖြင့်၊ ဤကတိတော်ကို. . . ပြည့်စုံစေတော်မူပြီ" (အငယ်၊၃၃) ဟူ၍လည်းကောင်း ဆိုထားသည်။

A. အငယ် ၁၃ နှင့် ၃၃ တွင် ခရစ်တော်သည် ဘုရားသခင်၏သားဦးအဖြစ် ဘိုးဘေးတို့အား ကတိပေးထားခဲ့ပြီး၊ ဘုရားသခင်သည် ယေရှုကို ထမြောက်စေခြင်းဖြင့် ထိုကတိကို ပြည့်စုံစေခဲ့ကြောင်း ကျွန်ုပ်တို့ မြင်တွေ့ရသည်။

B. ရှင်ပြန်ထမြောက်ခြင်းသည် လူသားယေရှုအတွက် မွေးဖွားခြင်းပင်ဖြစ်သည်၊

1. ကိုယ်တော်သည် များစွာသော ညီတို့တွင် ဘုရားသခင်၏ သားဦးဖြစ်လာစေရန် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်အားဖြင့် ဖြစ်ဖွားစေခြင်း ခံရသည် - ရော၊၈း၂၉။
2. ကိုယ်တော်သည် ထာဝရကာလကတည်းက ဘုရားသခင်၏တစ်ပါးတည်းသော သားတော်ဖြစ်တော်မူသည် - ယော၊ ၁း၁၈၊ ၃း၁၆။
3. ကိုယ်တော်၏ လူ့ဇာတိခံယူခြင်းပြီးနောက်၊ ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကိုယ်တော်သည် ဘုရားသခင်၏သားဦးဖြစ်လာရန် ကိုယ်တော်၏လူသားဇာတိ၌ ဘုရားသခင်အားဖြင့် ဖြစ်ဖွားစေခြင်း ခံရသည် - ဟေဗြဲ၊း၆။

C. ပေါလုသည် ဆာလံ ၂း၇ ရှိ သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်းကို မြင်နိုင်ခဲ့သည်၊ "သင်သည် ငါ့သားဖြစ်၏၊ / ယနေ့ပင် သင့်ကို ငါဖြစ်ဖွားစေပြီ"။

1. ပေါလုသည် *ယနေ့* ဟူသောစကားလုံးကို သခင်ဘုရား၏ ရှင်ပြန်ထမြောက်သောနေ့အဖြစ် အသုံးပြုခဲ့သည်။

2. ဤသည်မှာ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်၏သားဦးအဖြစ် ကိုယ်တော်၏မွေးဖွားခြင်း ဖြစ်ကြောင်း ဆိုလိုသည်။
3. လူသားတော် ယေရှုသည် သေခြင်းမှ ထမြောက်တော်မူခြင်းအားဖြင့် ဘုရားသခင်၏သားတော်အဖြစ် မွေးဖွားခြင်းခံရသည်၊ ထို့ကြောင့် ဘုရားသခင်က ယေရှုကို သေခြင်းမှထမြောက်စေခြင်းသည် ကိုယ်တော်ကို သားဦးဖြစ်စေရန် ကိုယ်တော်၏ ဖြစ်ဖွားစေခြင်းဖြစ်သည် - တ၊၁၃း၃၃။

D. လူ့ဇာတိခံယူခြင်းအားဖြင့် ဘုရားသခင်၏တစ်ပါးတည်းသော သားတော်သည် လူသားဇာတိကို ယူတင်ဝတ်ဆင်ကာ ဘုရား-လူ ဖြစ်လာခဲ့သည် (ယော၊၁း၁၄၊ ၁၈။ လု၊၁း၃၅)၊ ထို့နောက် ရှင်ပြန်ထမြောက်ခြင်း၌ ဤဘုရား-လူသည် ကိုယ်တော်၏သားဦးဖြစ်လာရန် ဘုရားသခင်၏ မွေးဖွားခြင်း ခံခဲ့ရသည် (တ၊၁၃း၃၃။ ဟေဗြ၊၁း၆။ ရော၊၈း၂၉)။

1. လူ့ဇာတိမခံယူမီက ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်၌ လူသားသဘောသဘာဝ မရှိခဲ့ပါ၊ ကိုယ်တော်၌ ဘုရားဆိုင်ရာ သဘောသဘာဝသာ ရှိခဲ့သည်။
2. ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်သည် လူသားသဘောသဘာဝအပြင် ဘုရားသဘောသဘာဝလည်း ရှိသည်။

E. ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ခရစ်တော်သည် သားဦးအဖြစ် မွေးဖွားလာခဲ့ပြီး၊ တစ်ချိန်တည်းမှာပင် ယုံကြည်သူများအားလုံးသည်လည်း ဘုရားသခင်၏ များစွာသော သားများအဖြစ် မွေးဖွားလာခဲ့ကြသည် - ၁ပေ၊၁း၃။ ဟေဗြ၊ ၂း၁၀။

1. ဤသားများစွာထဲတွင် သားဦးတစ်ပါးတည်းသာလျှင် ဘုရားသခင်၏တစ်ပါးတည်းသော သားတော်ဖြစ်တော်မူသည် - ၁ပေ၊၁း၃။ ဟေဗြ၊၂း၁၀။
2. ဘုရားသခင်၏ ဤတစ်ပါးတည်းသော သားတော်သာလျှင်၊ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခဲ့သော လူသားဇာတိ၌ ဘုရားသခင်၏သားဦးလည်း ဖြစ်တော်မူသည် - ရော၊၈း၂၉။
3. သားဦး၌ ဘုရားဇာတိနှင့် လူသားဇာတိ နှစ်မျိုးစလုံးရှိသကဲ့သို့၊ ဘုရားသခင်၏ များစွာသော သားများဖြစ်ကြသည့် ကိုယ်တော်၏ ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့၌လည်း လူသားသဘောသဘာဝနှင့် ဘုရားဆိုင်ရာ သဘောသဘာဝ နှစ်မျိုးစလုံး ရှိကြသည် - ၂ပေ၊၁း၄။

III. *ဒါဝိဒ်၏မျိုးစေ့သည် ဘုရားသခင်၏သားတော်ဖြစ်လာခြင်း* မှာ ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်၏ သားဦးအဖြစ် သတ်မှတ်ခြင်းခံရသည့်ဖြစ်စဉ်ကို ပြောဆိုခြင်းဖြစ်သည် - ၂ရှမွေ၊၇း၁၂-၁၄။ ရော၊၁း၃-၄။ မ၊၂း၄၅။ ဗျာ၊ ၂၂း၁၆။

A. ပေါလုက သူသည် ဘုရားသခင်၏သားတော်နှင့် ပတ်သက်သော ဘုရားသခင်၏ဧဝံဂေလိတရားအတွက် ခွဲခြားထားခြင်းခံရကြောင်း ပြောဆိုထားပြီး၊ ယင်းမှာ ဘုရားသခင်၏ ဧဝံဂေလိတရားသည် ခရစ်တော်၏ကိုယ်ခန္ဓာတော် စစ်မှန်ခြင်းအတွက် သားအရာ၏ ဧဝံဂေလိတရားဖြစ်ကြောင်း ညွှန်ပြသည် - ရော၊၁း၁၊ ၃-၄၊ ၈း၂၈-၃၀၊ ၁၂း၅။

B. ရောမ ၁း၃-၄ သည် ၂ရှမွေ ၇း၁၂-၁၄က ရှိ ပုံဆောင်ချက်ဆိုင်ရာ ပရောဖက်ပြုချက်၏ ပြည့်စုံခြင်းဖြစ်ပြီး၊ လူသည် ဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘာဝ၌ ဘုရားဖြစ်လာစေရန် ဘုရားသည် လူဖြစ်လာခြင်း၏နက်နဲခြင်းကို ဖွင့်ပြထားသည်။

1. လူ့ဇာတိခံယူခြင်းအားဖြင့်၊ ကိုယ်တော်၏ဘုရားဇာတိ၌ ဘုရားသခင်၏ တစ်ပါးတည်းသောသားတော် ခရစ်တော်သည် (ယော၊၁း၁၈) ဘုရားဇာတိနှင့် လုံးဝမသက်ဆိုင်သော လူသားဇာတိ တည်းဟူသော အသွေးအသားကို ယူတင် ဝတ်ဆင်ခဲ့သည်။ ကိုယ်တော်၏ လူသားဇာတိ၌မူ ကိုယ်တော်သည် ဘုရားသခင်၏သားတော် မဟုတ်ခဲ့ပါ။
   a. ကိုယ်တော်၏ လူသားဇာတိ၌ရှိသော ယေရှုသည် ဒါဝိဒ်၏မျိုးစေ့ဖြစ်ပြီး၊ ဘုရားသခင်၏ဖန်ဆင်းခြင်းအဟောင်း (လူဟောင်း - ရော၊၆း၆) နှင့် သက်ဆိုင်သော လူသားမျိုးစေ့ဖြစ်သည် - ကော၊၁၁:၁၅၁၁။
   b. ခရစ်တော်သည် ကိုယ်တော်၏ လူသားဇာတိ၌ ဒါဝိဒ်၏မျိုးစေ့အဖြစ် ကားတိုင်ပေါ်တွင် အသေခံတော်မူသည့် အခါတွင် ကိုယ်တော်သည် ဖန်ဆင်းခြင်းအဟောင်းနှင့်အတူ လူဟောင်းကို အသေသတ်ခဲ့သည်၊ မာရ်နတ်ကို ဖျက်

ဆီးခဲ့သည်၊ အသွေးအသား၌ အပြစ်ကို စီရင်ခဲ့သည်၊ ထို့ပြင် လောကကို စီရင်ခဲ့သည် - ရော၊၈း၈။ ဟေဗြဲ၂း၁၄။ ရော၊၈း၃။ ၂ကော၊၅း၂၁။ ယော၊၃း၁၄၊ ၁၂း၃၁။

2. ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်၏ လူသားဇာတိသည် ဘုရားဖြစ်ခြင်း၊ ''သားဖြစ်ခြင်းအရာသို့ ရောက်ရှိခြင်း'' ခံခဲ့ရသည်။ ဆိုလိုသည်မှာ ကိုယ်တော်သည် ကိုယ်တော်၏ ဘုရားဇာတိ၌သာမက လူသားဇာတိ၌ပါ ဘုရားသခင်၏သားတော် ဖြစ်လာခြင်းဖြစ်သည် - ရော၊၁း၃-၄။
   a. ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခြင်းခံရပြီး၊ ဘုရားသခင်၏ သားဦးဖြစ်လာကာ ဘုရားဇာတိနှင့် လူသားဇာတိ နှစ်မျိုးစလုံးကို ပိုင်ဆိုင်ထားသည် - ၈း၂၉။
   b. အသေခံခြင်းသည် ကိုယ်တော်အတွက် ခွဲခန့်မှတ်သားခြင်းခံရရန်၊ ဘုန်းထင်ရှားရန်နှင့် ရှင်ပြန်ထမြောက်ရန် အကောင်းဆုံးသော နည်းလမ်းဖြစ်သည်။
      (1) မျိုးစေ့တစ်စေ့သည် မြေဆီလွှာထဲတွင် မြှုပ်နှံခံရပြီး သေသွားပါက၊ နောက်ဆုံးတွင် ထိုမျိုးစေ့သည် အပင်ပေါက်လာပြီး၊ ကြီးထွားကာ ပန်းပွင့်လာသည်၊ အကြောင်းမှာ ထိုမျိုးစေ့အသက်၏ပြုပြင်လုပ်ဆောင်မှုသည် ၎င်း၏သေခြင်းနှင့်တူ တစ်ပြိုင်နက်တည်းတွင် လှုပ်ရှားသောကြောင့် ဖြစ်သည် - ယော၊၁၂း၂၃-၂၄။
      (2) ခရစ်တော်၌ရှိသော ဘုရားဇာတိ၊ သန့်ရှင်းခြင်း၏ ဝိညာဉ်တော်သည် ကိုယ်တော်၏ သေခြင်း၌ သက်ဝင်လှုပ်ရှားခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် ဘုရားသခင်၏သားတော်အဖြစ် "အပွင့်ပွင့်" လာခဲ့သည်။
      (3) ကိုယ်တော်၏အသွေးအသားအတိုင်း ကိုယ်တော်သည် အသေခံတော်မူခဲ့သော်လည်း၊ ကိုယ်တော်၏ ဝိညာဉ်တော်အတိုင်း ကိုယ်တော်သည် ခရစ်တော်၏ လူသားဇာတိအထဲသို့ ဘုရားဇာတိထည့်သွင်းကာ ၎င်းကို ဘုရားဆိုင်ရာဖြစ်စေရန် သန်စွမ်းစေ၍ အလွန် ရှင်သန်တက်ကြွစေသည်။ ဤသည်မှာ ခွဲခန့်မှတ်သားခြင်းကို ဆိုလိုခြင်းဖြစ်ပြီး၊ ဤသည်မှာ သားဖြစ်စေခြင်းအရာပင် ဖြစ်သည် - ၁ပေ၊၃း၁၈။
   c. ခရစ်တော်၏ လူသားဇာတိသည် ခရစ်တော်၏ ဘုရားဇာတိ၊ သန့်ရှင်းခြင်းဝိညာဉ်တော်အားဖြင့် ခွဲခန့်မှတ်သားခြင်း၊ အမှတ်အသားပြုခြင်းနှင့် မြှင့်တင်ခြင်းခံခဲ့ရသည်။ ဤနည်းအားဖြင့် ခရစ်တော်၏ လူသားဇာတိသည် ဘုရားဇာတိအထဲသို့ မြှင့်တင်ခြင်းခံခဲ့ရသည်။ ယင်းမှာ ခရစ်တော်သည် ဘုရားသခင်၏ သားဦးဖြစ်လာရန် ကိုယ်တော်၏ လူသားဇာတိ၌ တစ်ဖန် ဖြစ်ဖွားစေခြင်း ခံခဲ့ရသည် - တ၊၁၃း၃၃။
      (1) ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ ပထမဦးဆုံး အသစ်မွေးဖွားခြင်း ခံရသောအရှင် ဖြစ်တော်မူသည် - ရော၊၈း၂၉
         (a) ကိုယ်တော်၏ လူသားဇာတိသည် မိခင်၏ ဝမ်းထဲ၌ မွေးဖွားခဲ့ခြင်းဖြစ်သည်။ ယင်းမှာ လူသားဖြစ်ပြီး၊ ဘုရားသခင်၏သားတော်ဟု မသတ်မှတ်နိုင်ဘဲ၊ လူသားတော်သာ ဖြစ်သည်။
         (b) ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် ကိုယ်တော်၏ လူသားဇာတိကို မြှင့်တင်ပေးခဲ့ပြီး၊ ကိုယ်တော်၏ ဘုရားဇာတိကို ဤလူသားဇာတိအထဲသို့ ထည့်သွင်းပေးခဲ့သည်။ ထို့ကြောင့် ဤရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကိုယ်တော်၏ လူသားဇာတိသည် ဘုရားသခင့်သားတော်၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာရန် အသစ်တစ်ဖန် မွေးဖွားခြင်းခံခဲ့ရသည်။
      (2) ရှေးပြေးပုံစံမှာ ဘုရားသခင်၏ သားဦးဖြစ်ပြီး၊ ပုံတူပွားများမှာ ယေရှုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ကိုယ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်လာရန် ရှေးပြေးပုံစံ၏ အင်္ဂါဝင်များဖြစ်ကြသည့် ဘုရားသခင်၏ များစွာသော သားများ ဖြစ်ကြသည် - ၁ပေ၊၁း၃။

IV. *ဒါဝိဒ်၏မျိုးစေ့သည် ဘုရားသခင်၏သားတော်ဖြစ်လာခြင်း* မှာ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်၏များစွာသော သားများအဖြစ် ကျွန်ုပ်တို့ ခွဲခန့်မှတ်သားခံရခြင်း၏ ဖြစ်စဉ်ကို ပြောဆိုခြင်း ဖြစ်သည် - ဟေဗြဲ၂း၁၀-၁၁။

A. ခရစ်တော်သည် ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရပြီးသားဖြစ်သည်၊ သို့သော် ကျွန်ုပ်တို့သည် ခွဲခန့်မှတ်သားခြင်းဖြစ်စဉ်၊ သားဖြစ်စေခြင်း၊ ဘုရားဖြစ်လာစေခြင်း ဖြစ်စဉ်၌ ရှိနေကြဆဲဖြစ်သည် - ရော၊၈း၂၈-၂၉။

B. ဘုရားသခင့်သားတော်၏ အသက်သည် ကျွန်ုပ်တို့၏ဝိညာဉ်အထဲသို့ ထည့်သွင်းပေးထားပြီး ဖြစ်သည် - အင်ယ်၊၁၀။

1. ယခု မြေကြီးအထဲသို့ မျိုးကြဲခံရသော မျိုးစေ့ကဲ့သို့ ကျွန်ုပ်တို့သည် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်စဉ်ကို ဖြတ်ကျော်ရမည်ဖြစ်သည် - ယော၊၁၂း၂၄-၂၅။
2. ဤအရာက အပြင်လူကို ကုန်ဆုံးသွားစေပြီး၊ အတွင်းအသက်ကိုမူ ကြီးထွားရန်၊ တိုးတက်လာရန်နှင့် အဆုံးစွန်အနေဖြင့် အပွင့်ပွင့်လာရန် တတ်စွမ်းစေသည်။ ဤသည်မှာ ရှင်ပြန်ထမြောက်ခြင်းဖြစ်သည် - ၁ကော၊၁၅း၃၁၊ ၃၆။ ၂ကော၊ ၄း၁၀-၁၂၊ ၁၆။
3. အသက်၌ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် ကျွန်ုပ်တို့ အသက်၌ ကြီးထွားခြင်းရှိလေလေ၊ ဘုရားသခင်၏သားများအဖြစ် ကျွန်ုပ်တို့ ခွဲခန့်မှတ်သားခံရကြလေလေ ဖြစ်သည်။
   a. ကြီးထွားရန်အလို့ငှာ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ စိတ်နှလုံး လှည့်ပြန်လာရန်နှင့် ကိုယ်တော်ထံသို့ စင်ကြယ်ခြင်းရှိသော စိတ်နှလုံးရှိရန် လိုအပ်သည် - ၃း၁၆၊ ၁၈။ မ၊၅း၈။ ၂တိ၊၂း၂၂။
   b. ကြီးထွားရန်အလို့ငှာ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်၏ လှည့်စားခြင်းကင်းသောနို့နှင့် ကြေခဲဖွယ်သောအစားအစာကို စားသုံးရန် လိုအပ်သည် - ၁ပေ၊၂း၂။ ဟေဗြ၊၅း၁၂-၁၄။
   c. ကြီးထွားရန်အလို့ငှာ ကျွန်ုပ်တို့သည် ဆုကျေးဇူးရှိသော အင်္ဂါဝင်များ၏ ရေလောင်းပေးခြင်းကို လိုအပ်သည် - ၁ကော၊၃း၆၁။ ယော၊၇း၃၇-၃၉။ သု၊၁၁း၂၅။
   d. ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အရာများအားလုံးနှင့် ကျွန်ုပ်တို့၏ကျရှုံးမှုများအားဖြင့် ကျွန်ုပ်တို့၏ရုပ်ဆိုးလှသော အတ္တသည် ဖြိုချခြင်းခံရကာ၊ သခင်ဘုရားသည် ကျွန်ုပ်တို့အတွင်း၌ လုပ်ဆောင်ရန် ပို၍ကြီးမားသော အခွင့်အရေးကို ရရှိလေသည် - ရော၊၈း၂၈-၂၉။
   e. တစ်နေ့တွင် ဤဖြစ်စဉ်သည် ပြည့်စုံလိမ့်မည်ဖြစ်သည်၊ ထာဝရကာလတွင် ကျွန်ုပ်တို့သည် ဘုရားသခင့်သားဦးဖြစ်သည့် ခရစ်တော်ကဲ့သို့ပင် ကျွန်ုပ်တို့၏ ဝိညာဉ်၊ စိတ်နှင့် ခန္ဓာ၌ တူညီကြလိမ့်မည်ဖြစ်သည် - ၁ယော၊၃း၂။ ရော၊၈း၁၉၊ ၂၃။ ဓမ္မသီချင်း E#948 အပိုဒ် ၂။

C. ရှင်ပြန်ထမြောက်ခြင်း၌ လူသားဇာတိတွင်ရှိသော ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ရန် ခွဲခန့်မှတ်သားခံရကာ၊ ထိုသို့သော ရှင်ပြန်ထမြောက်ခြင်းနည်းလမ်းဖြင့် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏သားများဖြစ်ရန် ခွဲခန့်မှတ်သားခံရခြင်းဖြစ်စဉ်၌ ရှိနေကြသည် - ရော၊၈း၁၁။

1. ကျွန်ုပ်တို့ ခွဲခန့်မှတ်သားခံရခြင်း၊ သားဖြစ်စေခြင်း၊ ဘုရားဖြစ်လာစေခြင်း၏ ဖြစ်စဉ်သည် အဓိကကျသော သွင်ပြင်လေးခု - သန့်ရှင်းစင်ကြယ်ခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ သဏ္ဌာန်တော်တူညီလာခြင်းနှင့် ဘုန်းထင်ရှားခြင်း - တို့ဖြင့် ရှင်ပြန်ထမြောက်ခြင်း၏ ဖြစ်စဉ်ဖြစ်သည် - ၆း၂၂။ ၁း၂။ ၈း၂၉-၃၀။
2. ခွဲခန့်မှတ်သားခံရခြင်းဖြစ်စဉ်အဖို့ သော့ချက်မှာ ရှင်ပြန်ထမြောက်ခြင်းဖြစ်ပြီး၊ ယင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသော နိုးထလာသော ဝိညာဉ်တော်၊ ခွဲခန့်မှတ်သားသော ဝိညာဉ်တော်၊ အသက်၏တန်ခိုးတော်အဖြစ် ကိန်းဝပ်နေသော ခရစ်တော်ပင် ဖြစ်သည် - ယော၊၁၁း၂၅။ ရော၊၈း၁၀-၁၁။ တ၊၃း၂၄။ ၁ကော၊၁၅း၃၆။ ၅း၄။

   a. ကျွန်ုပ်တို့သည် ဝိညာဉ်အတိုင်း မည်သို့လျှောက်လှမ်းရန်၊ ခွဲခန့်မှတ်သားပေးသော ဝိညာဉ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်နှင့် တွေ့ကြုံခံစားရန် သင်ယူဖို့ အရေးတကြီး လိုအပ်သည် - ရော၊၈း၄၊ ၁၄။
   b. ကျွန်ုပ်တို့က ဝိညာဉ်တော်ကို ထိတွေ့လေလေ၊ ကျွန်ုပ်တို့ သန့်ရှင်းစင်ကြယ်ခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်းနှင့် ဘုန်းထင်ရှားခြင်းခံရကာ၊ ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်လာကြလေလေဖြစ်ပြီး၊ ယင်းမှာ ယေရှုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် ဖြစ်သည် - ၁ကော၊၁၂း၃။ ရော၊၁၀း၁၂။ ၈း၁၅-၁၆။ ဂလ၊၄း၆။

V. ဘုရားသခင်၏ အကြိအစည်တော်မှာ ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကိုယ်တော့်သားဦး၏ များစွာသော ညီများကို ထုတ်လုပ်ထွက်ပေါ်လာစေရန် ဖြစ်သည်။

A. ရောမ ၈း၂၉ ၌ ဘုရားသခင်သည် ကိုယ်တော်၏သားတော် ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီလာစေရန် ကြိုတင်ခွဲခန့် မှတ်သားခဲ့ကြောင်း၊ သို့မှသာ ကိုယ်တော်သည် "များစွာသောညီများအလယ်တွင် သားဦးဖြစ်မည်"အကြောင်း ပြောထားသည်။

B. သားဦး၌ များစွာသော ညီများရှိနေခြင်းမှာ အံ့သြဖွယ်သော အကြောင်းရင်းမှန်တစ်ခု ဖြစ်သည် - မ၊၈း၁၀။ ယော၊၂၀း၁၇။

C. ခရစ်တော်သည် ဘုရားဇာတိနှင့် လူသားဇာတိရှိသော သားဦးဖြစ်ပြီး၊ ကျွန်ုပ်တို့သည် လူသားဇာတိနှင့် ဘုရားဇာတိရှိသော ကိုယ်တော်၏ များစွာသော ညီများဖြစ်ကြသည်။ သားဦးနှင့် များစွာသောသားများတို့၌ ရှင်ပြန်ထမြောက်ခြင်းတွင် တူညီသော ခမည်းတော်ဘုရားသခင်၏ မွေးဖွားခံရကြသည်။

D. ဟေဗြဲ ၂း၁၁ တွင် "သန့်ရှင်းစေတတ်သောသူနှင့် သန့်ရှင်းစေအပ်သောသူများတို့သည် တစ်ပါးတည်းသော ပကတိရှိကြ၏။ ထို့ကြောင့်၊ သန့်ရှင်းစေတတ်သောသူသည် သန့်ရှင်းစေအပ်သောသူတို့ကို ညီအစ်ကိုတို့ ဟူ၍ ခေါ်ခြင်းငှာ ရှက်ကြောက်တော်မမူ" ဟု ပြောထားသည်။

E. သားဦးသည် ရှေ့ပြေးပုံစံဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အမြောက်အများထုတ်လုပ်ခြင်း ဖြစ်သည်။ ခရစ်တော်သည် ပုံစံ၊ မို၊ စံနမူနာဖြစ်ပြီး၊ ဘုရားသခင်က ကျွန်ုပ်တို့ကို ကိုယ်တော်အထဲသို့ ထားရှိ၍၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်အထဲသို့ ပုံသွင်းခံရနိုင်မည်ဖြစ်သည်။

F. ကိုယ်တော်၏များစွာသော ညီများအဖြစ် ကျွန်ုပ်တို့သည် ယခုတွင် ရင့်ကျက်ခြင်းဖြစ်စဉ်၌ ရှိကြကာ၊ ကိုယ်တော်၏ ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီခြင်း ရှိနေကြသည်။

G. ဟေဗြဲ ၂း၁၂ သည် ဆာလံ ၂၂း၂၂ ကို ကိုးကားထားခြင်းဖြစ်ပြီး - "ကိုယ်တော်၏ နာမတော်ကို အကျွန်ုပ် ညီအစ်ကိုတို့အား အကျွန်ုပ်ကြားပြောမည်။ အသင်းတော် အလယ်မှာ အကျွန်ုပ်သည် ကိုယ်တော်ကို ချီးမွမ်း၍ သီချင်းဆိုပါမည်" ဟု ပြောထားသည်။

H. ဟေဗြဲ ၂း၁၂ အရ အသင်းတော်သည် သဘောသဘာဝနှစ်ခုနှင့် အသက်နှစ်ခု ပေါင်းစပ်ခြင်းနှင့် ရောနှောပေါင်းစည်းခြင်းရှိသော ဘုရားသခင့်သားဦး၏ ညီများဖြင့် စုပေါင်းထားသော ပေါင်းစပ်ထုံးဖွဲ့မှုတစ်ခုပင် ဖြစ်သည်။

© 2026 Living Stream Ministry